## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## စီမံကိန်းဦးစီးဌာန

## လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်း တင်ပို့မှုဆိုင်ရာအစီရင်ခံစာ (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ)



ရက်စွဲ ၂၈ - ၉ - ၂၀၂၃

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ စက်တင်ဘာလ(၁) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃ |
| ၅။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ စက်တင်ဘာလ(၁) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃-၄ |
| ၆။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ စက်တင်ဘာလ(၁) ရက်ထိ လယ်ယာထွက်ပစ္စည်း တင်ပို့မှု | ၄-၅ |
| ၇။ | ဆန်နှင့်ဆန်ကွဲ | ၅-၇ |
| ၈။ | ပဲအမျိုးမျိုး | ၈-၁၁ |
| ၉။ | ပြောင်း | ၁၁-၁၂ |
| ၁၀။ | ရာဘာစိမ်း | ၁၃-၁၄ |
| ၁၁။ | နှမ်း | ၁၄-၁၅ |
| ၁၂။ | ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ | ၁၅-၁၆ |
| ၁၃။ | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၆ |
| ၁၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ စက်တင်ဘာလ(၁) ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ | ၁၆ |
| ၁၅။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆-၁၈ |
| ၁၆။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၈-၁၉ |
| ၁၇။ | သုံးသပ်ချက် | ၂၀-၂၁ |
| ၁၈။ | နိဂုံး | ၂၁ |
| ၁၉။ | နောက်ဆက်တွဲဇယားများ | |


# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ)

## နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ (၅) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ ဒုတိယအများဆုံး ရရှိနေသည်ကို တွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-က၊ ပုံ-၁)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၃-၂၄ (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

## ရည်ရွယ်ချက်

၃။ လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့်တပြေးညီ သိရှိနိုင်စေရန်နှင့် မူဝါဒချမှတ်ခြင်း၊ သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

## ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၇,၁၅၄.၄) သန်းရှိသည့်အနက် လယ်ယာထွက်ကုန်အနေဖြင့် ဒေါ်လာ (၂,၉၈၆.၉၈) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန် တန်ဖိုးစုစုပေါင်း (၁၆,၆၂၀.၁၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် ဒေါ်လာ (၃,၉၉၉.၀၂) သန်းရှိခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-က)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်(၁၇%)၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (၂၄%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၇%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၁)

၅။ သို့ဖြစ်၍ ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၅၃၄.၂၃) သန်းလျော့နည်းခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၀၁၂.၀၄) သန်း တိုးတက်ရရှိခဲ့သည်။ (နောက်ဆက်တွဲဇယား-က)

ဇယား (၁) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဧပြီ မှ မတ် | ၂၀၁၉-၂၀၂၀ ဧပြီ မှ မတ် | ၂၀၂၀-၂၀၂၁ ဧပြီ မှ မတ် | ၂၀၂၁-၂၂ ဧပြီ မှ မတ် | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃ထိ) |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၇% | ၂၀% | ၂၇% | ၂၇% | ၂၄% | ၂၁% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃% | ၂% | ၀.၄၂% | ၀.၀၅% | ၀.၁၂% | ၀.၀၅% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၅% | ၅% | ၄% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၁၀% | ၈% | ၄% | ၂% | ၂% |
| ၅ | သစ်တောထွက်ပစ္စည်း | ၁.၁% | ၁.၀% | ၀.၈% | ၁.၀% | ၀.၈% | ၀.၅% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၅% | ၅၉% | ၅၃% | ၅၇% | ၆၆% | ၆၃% |
| ၇ | အခြားပစ္စည်း | ၁၀% | ၄% | ၆% | ၅% | ၃% | ၁၀% |
| | စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ စက်တင်ဘာလ (၁) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ

၆။ အစီရင်ခံကာလဖြစ်သော (၁-၄-၂၀၂၃) မှ (၁-၉-၂၀၂၃) အထိ ပို့ကုန်တင်ပို့မှုစုစုပေါင်း ဒေါ်လာသန်း (၆,၄၈၄.၇၂) တွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၁,၃၄၉.၆၃) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၃.၅၆) သန်း၊ ရေထွက် ဒေါ်လာ(၂၄၄.၄၉) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ(၁၃၃.၉၆) သန်း၊ သစ်တောထွက် ဒေါ်လာ(၂၉.၉)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၄,၀၈၈.၇၁) သန်းနှင့် အခြားပစ္စည်းများ ဒေါ်လာ(၆၃၄.၄၆) သန်းပါဝင်ခဲ့ပါသည်။ နောက်ဆက်တွဲဇယား(က)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ စက်တင်ဘာလ (၁) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ

၇။ လယ်ယာထွက်ပစ္စည်းတင်ပို့မှုတွင် လယ်ယာကဏ္ဍတင်ပို့မှုအနေဖြင့် စုစုပေါင်း ဒေါ်လာ (၁,၅၉၇.၆၈) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၁,၃၄၉.၆၃) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၃.၅၆) သန်းနှင့် ရေထွက်ပစ္စည်း ဒေါ်လာ (၂၄၄.၄၉) သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။ ဇယား(၂)


ဇယား (၂) – လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၁,၅၉၇.၆၈ | ၁,၇၉၂.၅၂ | - ၁၉၄.၈၄ | - ၁၀.၈၇% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၁,၃၄၉.၆၃ | ၁,၅၀၂.၈၃ | - ၁၅၃.၂ | - ၁၀.၁၉% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၁၇၀.၄၆ | ၂၈၅.၃၄ | - ၁၁၄.၈၈ | - ၄၀.၂၆% |
| | | တန်ချိန် | ၃၈၉,၀၉၅.၂၉ | ၈၂၂,၅၇၁.၂ | - ၄၃၃,၄၇၅.၉၁ | - ၅၂.၇၀% |
| | (က) ဆန် | US$ | ၈၄.၆၉ | ၁၇၅.၄၃ | - ၉၀.၇၄ | - ၅၁.၇၂% |
| | | တန်ချိန် | ၁၇၄,၀၆၁.၈၄ | ၄၈၁,၄၁၀.၇ | - ၃၀၇,၃၄၈.၈၆ | - ၆၃.၈၄% |
| | (ခ) ဆန်ကွဲ | US$ | ၈၅.၇၇ | ၁၀၉.၉၁ | - ၂၄.၁၄ | - ၂၁.၉၆% |
| | | တန်ချိန် | ၂၁၅,၀၃၃.၄၅ | ၃၄၁,၁၆၀.၅ | - ၁၂၆,၁၂၇.၀၅ | - ၃၆.၉၇% |
| ၂ | ပဲအမျိုးမျိုး | US$ | ၅၈၆.၃၈ | ၅၃၉.၆၆ | ၄၆.၇၂ | ၈.၆၆% |
| | | တန်ချိန် | ၇၂၀,၉၁၉.၀၅ | ၆၉၂,၂၈၇.၅၈ | ၂၈,၆၃၁.၄၇ | ၄.၁၄% |
| ၃ | ပြောင်း | US$ | ၂၄၉.၃၉ | ၂၂၁.၆၅ | ၂၇.၇၄ | ၁၂.၅၂% |
| | | တန်ချိန် | ၈၁၈,၈၆၅.၂၉ | ၇၀၀,၄၄၇.၂၂ | ၁၁၈,၄၁၈.၀၇ | ၁၆.၉၁% |


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၄ | နှမ်း | US$ | ၃၀.၆၃ | ၄၇.၁၇ | - ၁၆.၅၄ | - ၃၅.၀၆% |
| | | တန်ချိန် | ၁၉,၆၀၃.၉၂ | ၃၆,၆၈၀.၀၆ | - ၁၇,၀၇၆.၁၄ | - ၄၆.၅၅% |
| ၅ | ရော်ဘာစိမ်း | US$ | ၉၄.၄၈ | ၁၄၃.၁၃ | - ၄၈.၆၅ | - ၃၃.၉၉% |
| | | တန်ချိန် | ၇၆,၅၉၄.၈၆ | ၉၄,၀၉၃.၁၈ | - ၁၇,၄၉၈.၃၂ | - ၁၈.၆၀% |
| ၆ | အခြားသီးနှံ | US$ | ၂၁၈.၂၉ | ၂၆၅.၉ | - ၄၇.၅၉ | - ၁၇.၉၀% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၃.၅၆ | ၁၆.၄၇ | - ၁၂.၉၁ | - ၇၈.၃၈% |
| ရေထွက်ပစ္စည်း | | US$ | ၂၄၄.၄၉ | ၂၇၃.၂၂ | - ၂၈.၇၃ | - ၁၀.၅၂% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၂)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၃)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်


## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ စက်တင်ဘာလ (၁) ရက်ထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၈။ လယ်ယာထွက်ပစ္စည်းတင်ပို့မှု ဒေါ်လာ (၁,၃၄၉.၆၃) သန်းတွင် ဆန်နှင့် ဆန်ကွဲမှာ တန်ဘိုး ဒေါ်လာ (၁၇၀.၄၆) သန်း၊ တန်ချိန် (၃၈၉,၀၉၅.၂၉)၊ ပဲအမျိုးမျိုးမှာ တန်ဘိုး ဒေါ်လာ (၅၈၆.၃၈) သန်း၊ တန်ချိန် (၇၂၀,၉၁၉.၀၅)၊ ပြောင်းမှာ တန်ဘိုး ဒေါ်လာ (၂၄၉.၃၉)သန်း၊ တန်ချိန် (၈၁၈,၈၆၅.၂၉)၊ ရာဘာစိမ်းမှာ တန်ဘိုး ဒေါ်လာ (၉၄.၄၈)သန်း၊ တန်ချိန်(၇၆,၅၉၄.၈၆) နှင့်

ဆီထွက်သီးနှံဖြစ်သော နှမ်းမှာ တန်ဘိုး ဒေါ်လာ (၃၀.၆၃)သန်း၊ တန်ချိန် (၁၉,၆၀၃.၉၂) ပါဝင်ခဲ့ပြီး အခြားသီးနှံ ဒေါ်လာ (၂၁၈.၂၉) သန်း ပါဝင်သည်ကို တွေ့ရှိရပါသည်။ (ဇယား-၂၊ ပုံ ၂၊ ၃)

## ဆန်နှင့် ဆန်ကွဲ

၉။ အစီရင်ခံကာလ(၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃) ရက်နေ့အထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု စုစုပေါင်း ဒေါ်လာ(၁,၃၄၉.၆၃) သန်းတွင် ဆန်နှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် တန်ဘိုးဒေါ်လာ (၁၇၀.၄၆) သန်း၊ တန်ချိန် (၃၈၉,၀၉၅.၂၉) တင်ပို့ခဲ့ပါသည်။ (ပုံ-၄)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၄)။ (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃ ထိ) လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၁၀။ ယခုအပတ်အတွင်း (၂၆-၈-၂၀၂၃ မှ ၁-၉-၂၀၂၃ ထိ) **ဆန်**တင်ပို့မှုတွင် တန်ချိန်(၈,၂၁၀)၊ တန်ဖိုး ကန်ဒေါ်လာ (၄.၂၀၂) သန်းရှိပြီး၊ ပင်လယ်ရေကြောင်းမှ တန်ချိန် (၇,၂၇၄) အား နိုင်ငံပေါင်း (၁၀)နိုင်ငံသို့ တင်ပို့ခဲ့ပြီး မလေးရှား၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပိုလန်၊ စပိန်၊ EAST TIMOR ၊ ဂျာမနီနှင့် စက်ာပူနိုင်ငံတို့သို့ တင်ပို့မှု လျော့နည်းခဲ့ပါသည်။ နယ်စပ်မှ ဆန် တန်ချိန် (၃၄၄)အား မူဆယ်စခန်းမှ တင်ပို့ခဲ့ပါသည်။

၁၁။ **ဆန်ကွဲ**တင်ပို့မှုတွင် တန်ချိန် (၈,၅၀၂) ၊ တန်ဖိုး ကန်ဒေါ်လာ (၃.၇၄၄) သန်းခန့် ရှိပြီး ပင်လယ်ရေကြောင်းမှ တန်ချိန်(၈,၂၆၆) တင်ပို့ခဲ့ပါသည်။ ယခုအပတ် ပင်လယ်ရေကြောင်းမှ တန်ချိန် (၈,၂၆၆)တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ CHECH REPUBLIC ၊ နယ်သာလန်နှင့် စက်ာပူနိုင်ငံတို့သို့ ပိုမိုတင်ပို့ခဲ့ပါသည်။။ နယ်စပ်တင်ပို့မှုတွင် မူဆယ်နှင့် ချင်းရွှေဟော်စခန်းတို့မှ တန်ချိန် (၂၃၆) တန် တင်ပို့နိုင်ခဲ့ပါသည်။ ပြည်တွင်းဆန်ဈေးကွက် အနေဖြင့် ပုသိမ်ပေါ်ဆန်းမွှေးနှင့် ပေါ်ဆန်းနယ်စုံဆန်အမျိုးအစားများမှာ တစ်အိတ်လျှင် ကျပ် ၁ သိန်း

ခန့် ပေါက်ဈေးရှိပြီး တစ်အိတ်လျှင် ၁၀,၀၀၀ -၂၃,၀၀၀ ကျပ် စီလျော့ကျခဲ့ကြောင်း၊ ရွှေဘို ပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၁၂၅,၀၀၀ - ၁၄၅,၀၀၀ ထိ ဈေးကျဆင်းသွားကြောင်း၊ ပြည်ပ ဆန်ဈေးကွက်မှာ အမြင့်ဈေးတန်းတွင် ဆက်လက်ရှိနေပြီး ရန်ကုန်ဝါးတန်းကုန်စည်ဒိုင်တွင် ဆန်တစ်အိတ်လျှင် ကျပ် ၂ သောင်းခန့် ကျဆင်းသွားကြောင်း သိရှိရပါသည်။

ဇယား (၃)- ပြည်တွင်းညှော်မထဆန်(မိုး)ဈေးနှုန်းများ

တစ်တင်းခွဲ (၁၀၈ပေါင်)/ကျပ်

| စဉ် | ဈေးကွက် | ယခုအပတ် (၁-၉-၂၀၂၃) | ယခင်အပတ် (၂၅-၈-၂၀၂၃) | ခြားနားချက် | % |
|---|---|---|---|---|---|
| ၁ | လှိုင်ကော် | ၉၁,၀၀၀ | ၉၁,၀၀၀ | - | - |
| ၂ | ဘားအံ | ၇၀,၀၀၀ | ၇၀,၀၀၀ | - | - |
| ၃ | မြိတ် | ၇၆,၀၀၀ | ၈၃,၀၀၀ | - ၇,၀၀၀ | - ၈% |
| ၄ | ပဲခူး | ၇၀,၀၀၀ | ၇၀,၀၀၀ | - | - |
| ၅ | ပြည် | ၆၈,၅၀၀ | ၆၈,၀၀၀ | ၅၀၀ | ၁% |
| ၆ | မကွေး | ၉၈,၀၀၀ | ၉၅,၀၀၀ | ၃,၀၀၀ | ၃% |
| ၇ | မန္တလေး | ၉၅,၀၀၀ | ၉၀,၀၀၀ | ၅,၀၀၀ | ၆% |
| ၈ | နေပြည်တော် | ၈၆,၀၀၀ | ၈၆,၀၀၀ | - | - |
| ၉ | ပျဉ်းမနား | ၈၆,၀၀၀ | ၈၆,၀၀၀ | - | - |
| ၁၀ | မော်လမြိုင် | ၆၉,၀၀၀ | ၆၉,၀၀၀ | - | - |
| ၁၁ | စစ်တွေ | ၇၅,၀၀၀ | ၇၅,၀၀၀ | - | - |
| ၁၂ | သန်လျင် | ၇၀,၀၀၀ | ၇၂,၀၀၀ | - ၂,၀၀၀ | - ၃% |
| ၁၃ | တောင်ကြီး | ၇၅,၀၀၀ | ၇၅,၀၀၀ | - | - |
| ၁၄ | လားရှိုး | ၈၈,၀၀၀ | ၈၈,၀၀၀ | - | - |
| ၁၅ | ကျိုင်းတုံ | ၈၃,၀၀၀ | ၈၂,၀၀၀ | ၁,၀၀၀ | ၁% |
| ၁၆ | ပုသိမ် | ၇၃,၀၀၀ | ၇၂,၀၀၀ | ၁,၀၀၀ | ၁% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၁၂။ အာရှဆန်ဈေးကွက်တွင် ပြည်ပသို့ ပေါင်းဆန်တင်ပို့မှုအပေါ် ၁၅-၁၀-၂၀၂၃ ရက်နေ့အထိ အခွန် ၂၀% ကောက်ခံမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရ၏ အမိန့်ထုတ်ပြန်ခဲ့မှုသည် ဝယ်ယူသူနှင့် ရောင်းချသူတို့အနေဖြင့် အခွန်ပေးဆောင်ရမှုမှ ရှောင်ကြဉ်ရန်အတွက် သင်္ဘောတင်ပို့ရန်ရှိသော ပေါင်းဆန်တန်ချိန် ၅ သိန်းခန့်အား အဆိုပါနေ့ရက်ကျော်လွန်မည့်အချိန်ထိ ဆိုင်းငံ့ခြင်းကိုဖြစ်ပေါ် စေပြီး အိန္ဒိယမှဆန်ကို ဝယ်ယူတင်သွင်းသည့်နိုင်ငံများတွင် ဆန်လက်ကျန်ပမာဏကို နည်းပါး

စေပြီး မြင့်တက်လျက်ရှိသော ဆန်စျေးနှုန်းများကို ထပ်မံကြီးမြင့်စေပါသည်။ အိန္ဒိယအစိုးရ၏ ပို့ကုန်အခွန်ကောက်ခံမှု မစတင်မီကပင် ဆန်စျေးနှုန်းများမြင့်တက်နေခြင်းကြောင့် ဝယ်ယူတင်သွင်းသူများအနေဖြင့် စိတ်မသက်သာမှု ဖြစ်ပေါ်ခဲ့ကြကြောင်း၊ အာဖရိကနိုင်ငံများရှိ ဝယ်ယူသူများသည် လက်ရှိဖြစ်ပေါ်နေသော ဆန်စျေးနှုန်းအဆင့်၌ပင် ဝယ်ယူနိုင်စွမ်းကင်းမဲ့လျက်ရှိကြောင်း၊ အောက်တိုဘာလမစတင်၍ စပါးအသစ်များ ပြည်တွင်းစျေးကွက်သို့ဝင်ရောက်ပြီး ရောင်းလိုအားတိုးတက်လာချိန်၌ ပြည်ပတင်ပို့သည့် ဆန်စျေးနှုန်းများသည်လည်း တဖြည်းဖြည်းကျဆင်းလာမည်ဖြစ်ကြောင်း သိရှိရပါသည်။ အာရှနှင့် အာဖရိကဒေသတို့ရှိ ဝင်ငွေနည်းပါးသော စားသုံးသူများသည် ၁ တန်လျှင် ၃၂၅ ဒေါ်လာခန့်သာ စျေးနှုန်းရှိသည့် ၁၀၀ ရာခိုင်နှုန်းပြည့်ဆန်ကွဲများကို ပိုမိုအလေးပေးဝယ်ယူလာကြကြောင်း သိရှိရပါသည်။ ကမ္ဘာ့ဆန်လက်ကျန်မှာ ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် တန်ချိန် (၁၆၆.၆၈၁) သန်း ဖြစ်ပြီး ယခင်နှစ်အလားတူကာလ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လတွင် တန်ချိန် (၁၈၂.၂၈၂) သန်း ဖြစ်ပါသည်။

**ဇယား (၄)- ပြည်ပတွင်ဖြစ်ပေါ်နေသော ဆန်တစ်တန် FOB စျေးနှုန်းများ**

တန်/ဒေါ်လာ

| စဉ် | နိုင်ငံ | အမျိုးအစား | ယခုအပတ် (၄-၉-၂၀၂၃) | ယခင်အပတ် (၂၈-၈-၂၀၂၃) |
|---|---|---|---|---|
| (က) | ထိုင်း | ဆန်ဖြူ ၁၀၀ % | ၆၆၂ | ၆၂၆ |
| | | ဆန်ဖြူ ၅ % | ၆၄၆ | ၆၁၂ |
| | | ဆန်ဖြူ ၂၅ % | ၆၀၇ | ၅၈၂ |
| | | ပေါင်းဆန် ၁၀၀ % | ၆၄၉ | ၆၁၅ |
| (ခ) | ဗီယက်နမ် | ဆန်ဖြူ ၅ % | ၆၄၇ | ၆၂၇ |
| | | ဆန်ဖြူ ၂၅ % | ၆၃၂ | ၆၀၇ |
| (ဂ) | ပါကစ္စတန် | ဆန်ဖြူ ၅ % | ၆၁၂ | - |
| | | ဆန်ဖြူ ၂၅ % | ၅၃၇ | - |
| (ဃ) | အိန္ဒိယ | ဆန်ဖြူ ၂၅ % | - | - |
| (င) | မြန်မာ | ဆန်ဖြူ ၅ % | ၅၈၅-၅၉၅ | ၅၃၀-၅၃၅ |
| | | ဆန်ဖြူ ၁၀ % | ၅၇၅-၅၈၅ | ၅၂၀-၅၃၀ |
| | | ဆန်ဖြူ ၁၅ % | ၅၆၅-၅၇၅ | ၅၁၀-၅၂၀ |
| | | ဆန်ဖြူ ၂၅ % | ၅၄၅-၅၅၅ | ၄၉၅-၅၀၅ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပဲအမျိုးမျိုး

၁၃။ ၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃ ရက်နေ့အထိ ပဲအမျိုးမျိုးတင်ပို့မှုမှာ တန်ဘိုး ဒေါ်လာ (၅၈၆.၃၈) သန်း၊ တန်ချိန် (၇၂၀,၉၁၉.၀၅) ရှိခဲ့ပြီး၊ မတ်ပဲ တန်ဘိုး ဒေါ်လာ(၂၄၁.၄၆)သန်း၊ တန်ချိန် (၂၇၉,၃၅၉.၄၆) ဖြင့် အများဆုံး၊ ပဲတီစိမ်း တန်ဘိုး ဒေါ်လာ(၁၄၉.၈၆)သန်း၊ တန်ချိန် (၂၂၂,၆၄၆.၂၀) ဖြင့် ဒုတိယအများဆုံးနှင့် ပဲစဥ်းငုံ တန်ဘိုး ဒေါ်လာ(၈၇.၆၃)သန်း၊ တန်ချိန် (၁၀၀,၇၃၈.၉၄) ဖြင့် တတိယအများဆုံး တင်ပို့ခဲ့သည်ကိုတွေ့ရသည်။ ဇယား(၅)၊ ပုံ (၅၊ ၆)


ဇယား (၅)- ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဥ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ကာလတူ (၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်မှ စက်တင်ဘာလ ၁ ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၃-၂၀၂၄) | ယခင်နှစ် (၂၀၂၂-၂၀၂၃) | ခြားနားချက် | |
| | | | | | | ပမာဏ | % |
| | **ပဲအမျိုးမျိုး** | US$ | **၁,၄၇၀.၆၆** | **၅၈၆.၃၈** | **၅၃၉.၆၆** | **၄၆.၇၂** | **၉%** |
| | | တန်ချိန် | **၁,၉၁၉,၁၅၆.၁၀** | **၇၂၀,၉၁၉.၀၅** | **၆၉၂,၂၈၇.၅၈** | **၂၈,၆၃၁.၄၇** | **၄%** |
| ၁ | မတ်ပဲ | US$ | ၅၃၁.၈၀ | ၂၄၁.၄၆ | ၁၅၄.၆၃ | ၈၆.၈၃ | ၅၆% |
| | | တန်ချိန် | ၆၄၉,၉၄၀.၂၃ | ၂၇၉,၃၅၉.၄၆ | ၁၈၁,၃၀၈.၆၉ | ၉၈,၀၅၀.၇၇ | ၅၄% |
| ၂ | ပဲတီစိမ်း | US$ | ၄၈၉.၀၉ | ၁၄၉.၈၆ | ၂၃၆.၈၉ | -၈၇.၀၃ | -၃၇% |
| | | တန်ချိန် | ၆၉၁,၃၉၉.၂၉ | ၂၂၂,၆၄၆.၂ | ၃၀၆,၉၅၆.၅၆ | -၈၄,၃၁၀.၃၆ | -၂၇% |
| ၃ | ပဲစဥ်းငုံ | US$ | ၁၈၇.၃၉ | ၈၇.၆၃ | ၃၃.၇၁ | ၅၃.၉၂ | ၁၆၀% |
| | | တန်ချိန် | ၂၃၉,၅၃၇.၇၃ | ၁၀၀,၇၃၈.၉၄ | ၄၂,၇၈၃.၅ | ၅၇,၉၅၅.၄၄ | ၁၃၅% |
| ၄ | ကုလားပဲ | US$ | ၁၃.၁၄ | ၀.၆၇ | ၁၁.၉၃ | -၁၁.၂၆ | -၉၄% |
| | | တန်ချိန် | ၁၈,၆၇၆.၈၆ | ၇၀၉.၂၃ | ၁၇,၁၇၃.၂၄ | -၁၆,၄၆၄.၀၁ | -၉၆% |
| ၅ | ပဲလွန်းဖြူ | US$ | ၄၀.၅၈ | ၁၃.၅၉ | ၁၅.၅၉ | -၁.၉၉ | -၁၃% |
| | | တန်ချိန် | ၆၄,၀၀၁.၇၉ | ၂၁,၆၃၂.၆၅ | ၂၂,၅၇၅.၃၅ | -၉၄၂.၇၀ | -၄% |
| ၆ | မြေထောက်ပဲ | US$ | ၅၀.၃၁ | ၂၂.၇၄ | ၃၀.၁ | -၇.၃၅ | -၂၄% |
| | | တန်ချိန် | ၅၉,၄၂၅.၇၁ | ၁၈,၃၅၀.၀၇ | ၄၁,၃၁၂.၇၁ | -၂၂,၉၆၂.၆၄ | -၅၆% |
| ၇ | ထောပတ်ပဲ | US$ | ၂၇.၀၂ | ၁၈.၀၈ | ၁၈.၁၇ | -၀.၀၉ | ၀% |
| | | တန်ချိန် | ၃၃,၈၀၂.၉၈ | ၁၇,၈၃၉.၅၅ | ၂၃,၀၅၀.၁၇ | -၅,၂၁၀.၆၂ | -၂၃% |
| ၈ | ပဲယင်း | US$ | ၆၀.၇၇ | ၂၇.၇၄ | ၁၆.၅ | ၁၁.၂၄ | ၆၈% |
| | | တန်ချိန် | ၈,၄၆၇၂.၆၁ | ၃၅,၃၃၂.၈၃ | ၂၅,၀၄၅.၄၄ | ၁၀,၂၈၇.၃၉ | ၄၁% |
| ၉ | ပဲကြီး | US$ | ၅.၅ | ၃.၀၀၁ | ၄.၃၃ | -၁.၃၂ | -၃၀% |
| | | တန်ချိန် | ၇,၇၇၂.၉၅ | ၂,၉၄၃.၁ | ၆,၆၁၆.၅၉ | -၃၆၇၃.၄၉ | -၅၆% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၅.၃၃ | ၃.၇၁ | ၃.၂၁ | ၀.၅ | ၁၆% |
| | | တန်ချိန် | ၈,၅၁၃.၈၆ | ၆,၀၄၄.၅၂ | ၅,၀၉၄.၁၆ | ၉၅၀.၃၆ | ၁၉% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၁၅.၂၆ | ၁.၀၃ | ၆.၃၄ | -၅.၃၁ | -၈၄% |
| | | တန်ချိန် | ၂၀,၉၀၈.၈၅ | ၁,၅၉၁.၇၅ | ၈,၃၇၄.၄၁ | -၆၇၈၂.၆၆ | -၈၁% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၀.၂၁ | ၀.၀၁ | ၀.၀၆ | -၀.၀၅ | -၈၃% |
| | | တန်ချိန် | ၂၂၃.၅၁ | ၄.၇၄ | ၆၆.၀ | -၆၁.၂၆ | -၉၃% |


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ကာလတူ (၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်မှ စက်တင်ဘာလ ၁ ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၃-၂၀၂၄) | ယခင်နှစ် (၂၀၂၂-၂၀၂၃) | ခြားနားချက် | |
| | | | | | | ပမာဏ | ပမာဏ |
| ၁၃ | ပဲနီကြား | US$ | ၂.၂၈ | ၁.၀၆ | ၁.၇၆ | -၀.၇ | -၄၀% |
| | | တန်ချိန် | ၅,၅၂၀.၃၀ | ၂,၁၁၀.၉၈ | ၄,၄၇၇.၇၅ | -၂,၃၆၆.၇၇ | -၅၃% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၀.၈၇ | ၀.၉၇ | ၀.၄၇ | ၀.၅ | ၁၀၆% |
| | | တန်ချိန် | ၁,၂၀၇.၄၁ | ၁,၃၇၅.၅ | ၆၁၅.၆ | ၇၅၉.၉၀ | ၁၂၃% |
| ၁၅ | မြေပဲဆံ | US$ | ၄၀.၁၆ | ၁၄.၁၅ | ၅.၂၃ | ၈.၉၂ | ၁၇၁% |
| | | တန်ချိန် | ၃၂,၀၄၆.၁၇ | ၉,၁၅၃.၈၃ | ၅,၆၀၂.၉ | ၃,၅၅၀.၉၃ | ၆၃% |
| ၁၆ | အခြားပဲ | US$ | ၀.၉၆ | ၀.၆၅ | ၀.၇၄ | -၀.၀၉ | -၁၂% |
| | | တန်ချိန် | ၁,၅၀၅.၈၃ | ၁,၀၈၅.၆၉ | ၁,၂၃၄.၄၉ | -၁၄၈.၈ | -၁၂% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၅)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၆)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၁၄။ ယခုအပတ် (၂၆-၈-၂၀၂၃ မှ ၁-၉-၂၀၂၃) တွင် **ပဲမျိုးစုံ**တင်ပို့မှုအနေဖြင့် တန်ချိန် (၄) သောင်းခွဲကျော်၊ တန်ဖိုး ဒေါ်လာ (၄၂) သန်းကျော် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် တန်ချိန် (၁)သောင်းကျော်၊ တန်ဖိုး ကန်ဒေါ်လာ (၉) သန်းကျော် ပိုမိုခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ မတ်ပဲတန် ချိန် (၂) သောင်းခွဲကျော်၊ ပဲတီစိမ်းတန်ချိန် (၄)ထောင်ကျော်နှင့် ပဲစဉ်းငုံ တန်ချိန် (၁) သောင်းကျော် တင်ပို့ခဲ့ပြီး နယ်စပ်မှ ပဲမျိုးစုံတန်ချိန်(၃) ထောင်ကျော် တင်ပို့နိုင်ခဲ့ပါသည်။

၁၅။ ပြည်တွင်းပဲမျိုးစုံဈေးကွက်၌ ရန်ကုန်ဈေးကွက်တွင် မတ်ပဲ(FAQ/RC) တစ်တန်လျှင် (၂,၅၁၅,၀၀၀) ကျပ်ပေါက်ဈေးရှိပြီး တစ်တန်လျှင် (၈၀,၀၀၀) ခန့်၊ မန္တလေးဈေးကွက်တွင် မတ်ပဲ ၆၀ ပိဿာဝင်တစ်အိတ်လျှင် (၂၄၀,၀၀၀) မှ (၂၄၅,၀၀၀) ကျပ်ပေါက်ဈေးရှိကာ တစ်

အိတ်လျှင် (၈,၀၀၀) ကျပ်နှင့် နယ်ဈေးကွက်များတွင် မတ်ပဲတစ်တင်း (၂၀ ပိဿာ)လျှင် ၃,၅၀၀ ကျပ် အသီးသီးဈေးတက်လာကြောင်း သိရှိရပါသည်။ ပဲစဉ်းငုံနီ(RED/RC) မှာ ရန်ကုန်ဈေးကွက်တွင် တစ်တန်လျှင် (၃,၈၇၅,၀၀၀) ကျပ် ပေါက်ဈေးရှိပြီး တစ်တန်လျှင် (၄) သိန်းခန့်၊ မန္တလေးဈေးကွက်တွင် တစ်အိတ်လျှင် (၃၆၀,၀၀၀) ကျပ် ပေါက်ဈေးရှိပြီး တစ်အိတ်လျှင် ၂၅,၀၀၀ ကျပ် အသီးသီး ဈေးမြင့်တက်လာကြောင်း၊ ပဲစဉ်းငုံနီကို ပြည်ပက အဝယ်လိုက်လာသောကြောင့် ဈေးမြင့်တက်လာပြီး၊ ပဲတီစိမ်းမှာ လက်ရှိတွင် တရုတ်မှ ဝယ်လိုအားနည်းသွားခြင်းကြောင့် အခြားပဲများကဲ့သို့ ဈေးတက်မလာဘဲ ဈေးကျဆင်းသွားကြောင်း သိရှိရပါသည်။

ဇယား (၆)– ပဲမျိုးစုံပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၁,၂၄၈,၇၀၀ | ၁,၇၆၉,၄၀၀ | ၁,၆၇၀,၀၀၀ | ၁,၉၅၀,၇၀၀ | ၁,၂၀၂,၅၀၀ | ၁,၉၇၄,၀၀၀ | ၁,၀၆၀,၀၀၀ | ၂,၀၉၁,၃၀၀ |
| ဖေဖော်ဝါရီ | ၁,၂၆၈,၃၀၀ | ၁,၉၅၀,၇၀၀ | ၁,၄၆၀,၅၀၀ | ၂,၃၉၇,၅၀၀ | ၁,၁၁၀,၀၀၀ | ၂,၁၂၆,၅၀၀ | ၁,၄၁၀,၀၀၀ | ၂,၀၄၂,၃၀၀ |
| မတ် | ၁,၄၆၀,၀၀၀ | ၂,၀၆၄,၀၀၀ | ၁,၆၃၅,၁၀၀ | ၂,၂၉၆,၅၀၀ | ၁,၃၁၀,၀၀၀ | ၂,၃၁၅,၀၀၀ | ၁,၅၅၁,၄၀၀ | ၂,၂၄၇,၅၀၀ |
| ဧပြီ | ၁,၄၂၇,၃၀၀ | ၂,၁၁၈,၉၀၀ | ၁,၅၈၃,၀၀၀ | ၂,၂၉၆,၅၀၀ | ၁,၃၁၅,၀၀၀ | ၂,၃၇၀,၀၀၀ | ၁,၄၈၁,၉၀၀ | ၂,၃၄၈,၅၀၀ |
| မေ | ၁,၄၆၉,၇၀၀ | ၂,၃၁၇,၉၀၀ | ၁,၆၃၅,၁၀၀ | ၂,၃၄၅,၅၀၀ | ၁,၃၅၈,၇၅၀ | ၂,၇၃၀,၀၀၀ | ၁,၆၃၅,၁၀၀ | ၂,၅၅၃,၇၀၀ |
| ဇွန် | ၁,၅၈၃,၀၀၀ | ၂,၃၇၉,၁၀၀ | ၁,၆၃၅,၁၀၀ | ၂,၃၄၅,၅၀၀ | ၁,၃၃၀,၀၀၀ | ၃,၀၅၀,၀၀၀ | ၁,၆၈၄,၁၀၀ | ၂,၇၀၆,၈၀၀ |
| ဇူလိုင် | ၁,၆၂၂,၀၀၀ | ၂,၃၂၄,၀၀၀ | ၁,၆၈၄,၁၀၀ | ၂,၂၄၄,၄၀၀ | ၁,၄၄၇,၅၀၀ | ၃,၀၀၀,၀၀၀ | ၁,၆၅၄,၁၀၀ | ၂,၇၅၅,၈၀၀ |
| ဩဂုတ် | ၁,၈၉၀,၀၀၀ | ၂,၄၃၄,၃၀၀ | ၁,၇၃၆,၁၀၀ | ၂,၁၄၃,၄၀၀ | ၁,၉၄၀,၀၀၀ | ၃,၅၀၀,၀၀၀ | ၂,၂၂၃,၄၀၀ | ၂,၉၀၈,၉၀၀ |
| စက်တင်ဘာ | ၂,၀၃၆,၂၀၀ | | ၂,၁၃၄,၃၀၀ | | ၂,၁၃၀,၀၀၀ | | ၂,၁၄၃,၄၀၀ | |
| အောက်တိုဘာ | ၁,၈၁၂,၇၀၀ | | ၁,၉၉၀,၃၀၀ | | ၁,၉၄၀,၀၀၀ | | ၂,၀၉၁,၃၀၀ | |
| နိုဝင်ဘာ | ၁,၈၃၁,၂၀၀ | | ၁,၈၃၉,၂၀၀ | | ၁,၇၉၀,၀၀၀ | | ၂,၀၀၀,၀၀၀ | |
| ဒီဇင်ဘာ | ၁,၇၉၉,၀၀၀ | | ၁,၈၀၆,၂၀၀ | | ၁,၆၄၀,၀၀၀ | | ၂,၁၆၁,၃၀၀ | |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၇)- ပဲမျိုးစုံ FOB ပြည်တွင်းဈေးနှုန်းများ

ဒေါ်လာ/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၉၆၉ | ၇၉၀ | ၉၂၂ | ၈၉၀ | ၆၀၄ | ၈၈၀ | ၆၀၀ | ၈၂၅ |
| ဖေဖော်ဝါရီ | ၇၄၀ | ၈၇၅ | ၉၇၀ | ၁,၁၀၀ | ၆၅၅ | ၈၉၀ | ၈၂၅ | ၈၇၅ |
| မတ် | ၇၆၅ | ၉၁၅ | ၉၁၀ | ၁,၀၄၀ | ၇၄၅ | ၁,၀၁၅ | ၇၀၀ | ၉၀၀ |
| ဧပြီ | ၈၂၀ | ၉၅၀ | ၉၅၀ | ၁,၀၅၀ | ၇၇၀ | ၁,၀၅၀ | ၈၆၀ | ၉၂၅ |
| မေ | ၈၇၅ | ၉၄၀ | ၉၇၀ | ၁၄၀ | ၇၄၀ | ၁,၀၈၀ | ၇၅၀ | ၉၅၀ |
| ဇွန် | ၉၀၅ | ၁,၀၀၀ | ၉၄၀ | ၁,၀၂၀ | ၇၆၀ | ၁,၂၆၀ | ၇၅၀ | ၁,၀၅၀ |
| ဇူလိုင် | ၉၂၅ | ၈၉၀ | ၉၇၅ | ၉၄၀ | ၈၂၀ | ၁,၁၆၀ | ၇၅၀ | ၁,၀၅၀ |
| သြဂုတ် | ၉၄၅ | ၉၈၀ | ၈၉၅ | ၉၃၀ | ၁,၀၀၀ | ၁,၂၂၀ | ၈၂၅ | ၁,၁၀၀ |
| စက်တင်ဘာ | ၈၆၀ | | ၉၄၅ | | ၈၉၅ | | ၇၇၅ | |
| အောက်တိုဘာ | ၈၂၅ | | ၈၇၅ | | ၈၅၅ | | ၇၅၀ | |
| နိုဝင်ဘာ | ၈၁၅ | | ၈၂၅ | | ၈၁၀ | | ၇၂၅ | |
| ဒီဇင်ဘာ | ၈၀၅ | | ၈၇၀ | | ၇၅၀ | | ၇၀၀ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၈)- နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံ တရုတ်နယ်စပ်မျက်နှာစာဈေး

ဒေါ်လာ/တန်

| စဉ် | ပဲအမျိုးအစား | နှစ်အလိုက်ပျမ်းမျှဈေး | | | | | | လက်ရှိဈေး |
|---|---|---|---|---|---|---|---|---|
| | | ၂၀၂၀ | | ၂၀၂၁ | | ၂၀၂၂ | | ၄-၉-၂၀၂၃ |
| | | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | |
| ၁ | မတ်ပဲ | - | - | - | - | - | - | ၈၇၉ |
| ၂ | ပဲတီစိမ်း | ၈၁၇ | ၁,၀၂၈ | ၆၉၃ | ၇၉၈ | ၆၅၀ | ၇၀၀ | ၈၁၀ |
| ၃ | ပဲပုတ် | ၄၇၆ | ၅၁၃ | ၄၈၃ | ၅၃၀ | ၄၈၅ | ၅၀၀ | ၈၉၂ |
| ၄ | ပဲလွန်းဖြူ | ၆၀၉ | ၆၆၀ | ၆၂၂ | ၄၆၀ | ၄၆၀ | ၆၂၈ | ၆၄၅ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

# ပြောင်း

၁၆။ (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃ ထိ) ပြည်ပပို့ကုန်တင်ပို့မှုတွင် ပြောင်း တန်ဘိုးဒေါ်လာ (၂၄၉.၃၉) သန်း၊ တန်ချိန် (၈၁၈,၈၆၅.၂၉) ပါဝင်ခဲ့သည်ကိုတွေ့ရပြီး ယခုအပတ်အတွင်း ပြောင်းတင်ပို့မှုမှာ တန်ချိန် (၁)သောင်းခွဲကျော်၊ တန်ဖိုး ဒေါ်လာ (၄.၃၀၄) သန်းရှိခဲ့ပြီး ယခင်

အပတ်ထက် တန်ချိန် (၁)သောင်းကျော်၊ တန်ဖိုး ဒေါ်လာ (၃.၃၅၄) သန်း ပိုမိုတင်ပို့ခဲ့ပါသည်။ ယခုအပတ် ပင်လယ်ရေကြောင်းမှ ပြောင်းတန်ချိန် (၅၈၈) တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့မှုလျော့နည်းခဲ့ပြီး နယ်စပ်မှ ပြောင်းတန်ချိန် (၁၄၇၇၀) အား မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီနှင့် တာချီလိတ်စခန်းတို့မှ တင်ပို့ခဲ့ပြီး ထိုင်းနိုင်ငံသို့ တင်ပို့မှုလျော့နည်းခဲ့ခြင်း ဖြစ်ပါသည်။ ထိုင်းနယ်စပ်မှ မြန်မာ့ပြောင်းအား နှစ်စဉ် ဖေဖော်ဝါရီ (၁) ရက်မှ ဩဂုတ်လ (၃၁) ရက်ထိ (၇)လကို အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းပြီး ထိုင်းပြောင်းထွက်ရှိမည့် စက်တင်ဘာလ (၁) ရက်နောက်ပိုင်း အခွန် ၄၅% သတ်မှတ် ကောက်ခံသဖြင့် ထိုင်းနိုင်ငံသို့ အခွန်လွတ် စနစ်ဖြင့် တင်ပို့လျက်ရှိပါသည်။ ပြည်တွင်း ပြောင်းဈေးကွက်မှာ မန္တလေးဈေးကွက်တွင် ပြောင်းဖူး (ဗမာ) ၅၄ ပိဿာ တစ်အိတ်လျှင် ကျပ် ၅၉,၀၀၀-၆၀,၀၀၀၊ ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာ တစ်အိတ်လျှင် ကျပ် ၆၁,၀၀၀-၆၂,၀၀၀၊ CP ပြောင်း ၅၄ ပိဿာ တစ်အိတ်လျှင် ကျပ် ၆၁,၀၀၀-၆၂,၀၀၀ ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

ဇယား (၉)- ပြည်တွင်းပြောင်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၁-၉-၂၀၂၃) | ယခင်အပတ် (၂၅-၈-၂၀၂၃) |
|---|---|---|---|
| ၁ | ရန်ကုန် | ၇၄၀,၉၀၀ | ၇၅၃,၂၀၀ |
| ၂ | မန္တလေး | ၇၀၃,၀၀၀ | ၇၁၄,၇၀၀ |
| ၃ | ရှမ်း(တောင်) | ၆၄၃,၀၀၀ | ၆၄၃,၀၀၀ |
| ၄ | ရှမ်း (မြောက်) | ၆၃၆,၈၀၀ | ၆၃၆,၈၀၀ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၀)- နိုင်ငံအလိုက်ပြောင်းဈေးနှုန်းများ

**တန်ဘိုး- USD**

| စဉ် | နိုင်ငံ | ယခုအပတ် (၁-၉-၂၀၂၃) | ယခင်အပတ် (၂၅-၈-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | အိန္ဒိယ | ၂၆၆ | ၂၆၀ | ၅ | ၂.၁၀% |
| ၂ | တရုတ် | ၃၁၀ | ၃၁၀ | ၀ | ၀.၀၀% |
| ၃ | ပါကစ္စတန် | ၁၇၃ | ၁၇၂ | ၁ | ၀.၇၀% |
| ၄ | ဘရာဇီး | ၁၈၂ | ၁၈၃ | - ၁ | - ၀.၅၅% |
| ၅ | မြန်မာ | ၃၄၁ | ၃၄၀ | ၁ | ၀.၂၉% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရာဘာစိမ်း

၁၇။ (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃ ထိ) ရာဘာစိမ်းတင်ပို့မှုအနေဖြင့် စုစုပေါင်းတန်ဘိုး ဒေါ်လာ (၉၄.၄၈) သန်း၊ တန်ချိန် (၇၆,၅၉၄.၈၆) တင်ပို့ခဲ့ပါသည်။ ယခုအပတ်အတွင်း တင်ပို့မှုအနေဖြင့် တန်ချိန် (၃,၅၀၉)၊ တန်ဖိုး ဒေါ်လာ (၄.၂၇) သန်းရှိခဲ့သဖြင့် ယခင်အပတ်ထက် တန်ချိန် (၃၈၇)၊ လျော့နည်းတင်ပို့ခဲ့သဖြင့် တန်ဖိုး ဒေါ်လာ (၀.၄၈၁) သန်း လျော့နည်းခဲ့ပါသည်။ ယခုအပတ်တွင် ပင်လယ်ရေကြောင်းမှ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံနိုင်ငံများသို့ တင်ပို့မှုပိုမိုခဲ့ပြီး၊ နယ်စပ်တင်ပို့မှုတွင် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်စခန်းတို့မှ တင်ပို့မှုလျော့နည်းခဲ့ပါသည်။

ဇယား (၁၁)- ပြည်တွင်း ရာဘာဈေးနှုန်းများ

ကျပ်သိန်း/တန်

| စဉ် | လ | RSS-၃ (မော်လမြိုင်) | | RSS-၅ (မော်လမြိုင်) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၂၂.၆၉ | ၂၈.၄၃ | ၂၀.၄၉ | ၂၆.၂၂ |
| ၂ | ဖေဖော်ဝါရီ | ၂၄.၈၇ | ၂၉.၅၁ | ၂၂.၆၇ | ၂၇.၃၁ |
| ၃ | မတ် | ၂၆.၇၂ | ၂၉.၃၁ | ၂၄.၅၁ | ၂၇.၁ |
| ၄ | ဧပြီ | ၂၆.၈၁ | ၂၉.၀၉ | ၂၄.၅၇ | ၂၆.၈၈ |
| ၅ | မေ | ၂၃.၁၁ | ၃၀.၃၀ | ၂၀.၉၁ | ၂၈.၁၀ |
| ၆ | ဇွန် | ၂၅.၇၆ | ၃၁.၀၈ | ၂၃.၅၅ | ၂၈.၈၈ |
| ၇ | ဇူလိုင် | ၂၅.၆၉ | ၃၃.၆ | ၂၃.၄၈ | ၃၁.၃၉ |
| ၈ | ဩဂုတ် | ၃၀.၀၈ | ၃၅.၈၉ | ၂၇.၆၄ | ၃၃.၆၉ |
| ၉ | စက်တင်ဘာ | ၃၁.၆၂ | | ၂၉.၄၁ | |
| ၁၀ | အောက်တိုဘာ | ၃၂.၀၆ | | ၂၉.၈၆ | |
| ၁၁ | နိုဝင်ဘာ | ၂၆.၄၄ | | ၂၄.၉၇ | |
| ၁၂ | ဒီဇင်ဘာ | ၂၅.၈၉ | | ၂၃.၆၉ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၂)- ပြည်ပရာဘာဈေးနှုန်းများ

ဒေါ်လာ/တန်

| စဉ် | လ | RSS-၃ (ထိုင်း) | | RSS-၅ (ထိုင်း) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၁,၉၅၆ | ၁,၇၂၁ | ၁,၉၉၃ | ၁,၇၃၉ |
| ၂ | ဖေဖော်ဝါရီ | ၂,၀၁၆ | ၁,၇၃၅ | ၁,၉၉၃ | ၁,၇၁၃ |
| ၃ | မတ် | ၂,၂၃၁ | ၁,၇၂၅ | ၂,၂၀၈ | ၁,၇၀၄ |
| ၄ | ဧပြီ | ၂,၃၃၈ | ၁,၇၄၇ | ၂,၃၂၃ | ၁,၇၂၄ |
| ၅ | မေ | ၂,၁၈၆ | ၁,၇၆၉ | ၂,၀၅၂ | ၁,၇၄၇ |
| ၆ | ဇွန် | ၂,၁၁၃ | ၁,၆၉၆ | ၂,၀၉၁ | ၁,၆၇၅ |
| ၇ | ဇူလိုင် | ၁,၈၈၂ | ၁,၆၄၀ | ၁,၈၆၁ | ၁,၆၁၃ |

| စဉ် | လ | RSS-၃ (ထိုင်း) | | RSS-၅ (ထိုင်း) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၈ | ဩဂုတ် | ၁,၇၁၅ | ၁,၅၅၀ | ၁,၆၉၄ | ၁,၅၂၉ |
| ၉ | စက်တင်ဘာ | ၁,၅၇၈ | | ၁,၅၅၇ | |
| ၁၀ | အောက်တိုဘာ | ၁,၆၂၆ | | ၁,၆၀၆ | |
| ၁၁ | နိုဝင်ဘာ | ၁,၅၅၄ | | ၁,၅၃၃ | |
| ၁၂ | ဒီဇင်ဘာ | ၁,၆၂၉ | | ၁,၆၀၂ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## နှမ်း

၁၈။ (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃ ထိ) တွင် ပြည်ပသို့ ဆီထွက်သီးနှံ နှမ်းတင်ပို့မှုအနေဖြင့် တန်ဘိုး ဒေါ်လာ (၃၀.၆၃)သန်း၊ တန်ချိန် (၁၉,၆၀၃.၉၂) သန်း တင်ပို့ခဲ့ပါသည်။ ယခုအပတ်တွင် နှမ်းတင်ပို့မှုအနေဖြင့် (၁,၀၄၂) တန်၊ တန်ဖိုးဒေါ်လာ(၁.၈၇၇) သန်းရှိပြီး၊ ပင်လယ်ရေကြောင်းမှ ထိုင်းနှင့် တရုတ်နိုင်ငံတို့သို့ ပိုမိုတင်ပို့ခဲ့ပြီး၊ နယ်စပ်တွင် မြဝတီနှင့် ချင်းရွှေဟော်စခန်းတို့မှ တန်ချိန် (၂၆၆) တန် တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

ဇယား (၁၃)- ပြည်တွင်းနှမ်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၁-၉-၂၀၂၃) | ယခင်အပတ် (၂၅-၈-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | ကျပ်/တန် | % |
| ၁ | **နှမ်းနက်** | | | | |
| | မန္တလေး | ၅,၁၀၀,၀၀၀ | ၅,၃၀၀,၀၀၀ | - ၂၀၀၀၀၀ | - ၃.၉၂ |
| | မကွေး | ၄,၉၈၀,၀၀၀ | ၅,၃၇၀,၀၀၀ | - ၃၉၀၀၀၀ | - ၇.၈၃ |
| ၂ | **နှမ်းဖြူ** | | | | |
| | မန္တလေး | ၅,၅၇၀,၀၀၀ | ၅,၇၈၀,၀၀၀ | - ၂၁၀၀၀၀ | - ၃.၇၇ |
| | မကွေး | ၅,၅၁၀,၀၀၀ | ၅,၈၂၀,၀၀၀ | - ၃၁၀၀၀၀ | - ၅.၆၃ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၄)- နိုင်ငံအလိုက်နှမ်းဈေးနှုန်းများ

USD/တန်

| စဉ် | နိုင်ငံ | ယခုအပတ် | ယခင်အပတ် | ခြားနားချက် | |
|---|---|---|---|---|---|
| | | (၁-၉-၂၀၂၃) | (၂၅-၈-၂၀၂၃) | USD | % |
| ၁ | **နှမ်းနက်** | | | | |
| | အိန္ဒိယ | ၁,၈၂၄ | ၁,၈၅၈ | -၃၄ | -၁ |
| | တရုတ် | ၂,၀၂၅ | ၂,၀၂၅ | ၀ | ၀ |
| | မြန်မာ | ၁,၆၅၂ | ၁,၆၄၇ | ၅ | ၀.၃ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

USD/တန်

| စဉ် | နိုင်ငံ | ယခုအပတ် (၁-၉-၂၀၂၃) | ယခင်အပတ် (၂၅-၈-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၂ | **နှမ်းဖြူ** | | | | |
| | အိန္ဒိယ | ၁,၈၆၃ | ၁,၈၈၈ | - ၂၅ | - ၁.၃၄ |
| | တရုတ် | ၂,၁၉၅ | ၂,၁၉၅ | ၀ | ၀.၀၀ |
| | မြန်မာ | ၁,၅၈၃ | ၁,၅၇၈ | ၅ | ၀.၃၂ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

၁၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၂၈,၄၀၈.၀၂) ၊ တန်ဖိုးဒေါ်လာ (၃၁.၈၀) သန်း၊ ပုဇွန်မှာ တန်ချိန် (၁,၁၁၆.၄၂)၊ တန်ဖိုး ဒေါ်လာ (၄.၅၂) သန်းနှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၁၃,၄၄၂.၈၂)၊ တန်ဖိုးဒေါ်လာ (၂၇.၆၂) သန်း ရရှိခဲ့သည်ကို သိရှိရပါသည်။

၂၀။ ယခင်နှစ်အလားတူကာလ ၂၀၂၂-၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးတင်ပို့မှုတွင် တန်ချိန်အားဖြင့် (၁,၁၁၂၀.၄၁) တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁၄.၇၄) သန်း၊ ပုဇွန်မှာ တန်ချိန် (၉၈၇.၄၆)၊ တန်ဖိုးဒေါ်လာ (၃.၉၇) သန်းနှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၆,၉၆၉.၃၉)၊ တန်ဖိုးဒေါ်လာ (၉.၇၆) သန်း ပိုမိုတင်ပို့ခဲ့ကြောင်း ဖော်ပြပါဇယားအရ သိရှိရပါသည်။ ဇယား (၁၅)

ဇယား (၁၅) - ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်- မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | **ပုံမှန်ကုန်သွယ်ရေး** | **၁၃,၀၉၆.၁၆** | **၁၅.၂၆** | **၉၇၇.၄၆** | **၃.၈၇** | **၅,၅၆၅.၈၃** | **၁၃.၃၈** | **၁၉,၆၃၉.၄၅** | **၃၂.၅၁** |
| | (က) ပုဂ္ဂလိက ကုမ္ပဏီများ | ၁၃,၀၉၆.၁၆ | ၁၅.၂၆ | ၉၇၇.၄၆ | ၃.၈၇ | ၅,၅၆၅.၈၃ | ၁၃.၃၈ | **၁၉,၆၃၉.၄၅** | **၃၂.၅၁** |
| ၂ | **နယ်စပ်ကုန်သွယ်ရေး** | **၁၅,၃၁၁.၈၆** | **၁၆.၅၃** | **၁၃၈.၉၅** | **၀.၆၅** | **၇,၈၇၆.၉၉** | **၁၄.၂၃** | **၂၃,၃၂၇.၈** | **၃၁.၄၁** |
| | (က) မြဝတီ | ၅၈.၁၅ | ၀.၀၅ | | | ၂၉.၁၉ | ၀.၀၇ | **၈၇.၃၄** | **၀.၁၂** |
| | ( ခ ) ကော့သောင်း | ၁၃,၅၅၂.၈၉ | ၁၄.၃၉ | ၆၀.၇၉ | ၀.၃၄ | ၄၅၀.၀၁ | ၁.၁၅၀ | **၁၄၀၆၃.၆၉** | **၁၅.၈၈** |
| | ( ဂ ) စစ်တွေ | ၀. | ၀. | ၀ | ၀. | ၀ | ၀. | **၀.** | **၀.** |
| | (ဃ) မြိတ် | ၀. | ၀. | ၀ | ၀. | ၁,၁၁၀.၀ | ၀.၉၉ | **၁,၁၁၀.၀၀** | **၀.၉၉** |

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| | (င)မူဆယ် | ၆၉.၀၃ | ၀.၁၈ | ၇၈ | ၀.၃၁ | ၅,၄၁၂.၇၆ | ၁၀.၇၂ | **၅,၅၅၉.၉၅** | **၁၁.၂၁** |
| | (စ)မောင်တော | ၁,၁၂၉.၂၃ | ၁.၄၄ | ၀ | ၀. | ၂၁၄.၀၀ | ၀.၂၀ | **၁,၃၄၃.၂၃** | **၁.၆၄** |
| | (ဆ) မောတောင် | ၅၀၂.၅၆ | ၀.၄၆ | ၀ | ၀. | ၆၆၁.၀၂ | ၁.၀၉ | **၁၁၆၃.၅၈** | **၁.၅၅** |
| | (ဇ)ကျိုင်းလတ် | ၀. | ၀. | ၀. | ၀. | ၀.၀၀ | ၀. | **၀.** | **၀.** |
| ၂၀၂၃-၂၀၂၄ ခုနှစ် ဩဂုတ်လ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၂၈,၄၀၈.၀၂ | ၃၁.၈၀ | ၁,၁၁၆.၄၂ | ၄.၅၂ | ၁၃,၄၄၂.၈၂ | ၂၇.၆၂ | ၄၂,၉၆၇.၂၆ | ၆၃.၉၃ |
| ၂၀၂၂-၂၀၂၃ ခုနှစ် ဩဂုတ်လ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၁၇,၂၈၆.၆၁ | ၁၇.၀၆ | ၁၂၈.၉၆ | ၀.၅၅ | ၆,၄၇၃.၄၃ | ၁၇.၈၆ | ၂၃,၈၈၈.၉၉ | ၃၅.၄၇ |
| ခြားနားချက် | | ၁၁,၁၂၁.၄၁ | ၁၄.၇၄ | ၉၈၇.၄၆ | ၃.၉၇ | ၆,၉၆၉.၃၉ | ၉.၇၆ | ၁၉,၀၇၈.၂၆ | ၂၈.၄၆ |

ရင်းမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

## (၅) နှစ်တာကာလအတွင်း ပြည်ပမှ သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

၂၁။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၈,၆၈၁.၈၄) သန်းရှိခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ (၁၇,၃၅၂.၇၂) သန်းရှိခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၁,၃၂၉.၁၂) သန်း (၇%) လျော့နည်းလာခဲ့ကြောင်း သိရသည်။(နောက်ဆက်တွဲဇယား-ဂ)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ စက်တင်ဘာလ (၁) ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ

၂၂။ အစီရင်ခံကာလအတွင်း သွင်းကုန်စုစုပေါင်း အမေရိကန် ဒေါ်လာ (၇,၂၁၃.၂၅) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၁,၅၃၆.၀၄) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၃,၄၈၄.၂၃) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၁,၁၅၂.၀၆) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၁,၀၄၀.၉၁) သန်းပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-ဂ)

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၃။ (၁-၄-၂၀၂၃) မှ (၁-၉-၂၀၂၃) ထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ**၏ တင်သွင်းမှုအခြေအနေမှာ **စားအုန်းဆီ** တန်ချိန် (၂၄၃,၈၇၄) ၊ တန်ဖိုးဒေါ်လာ (၂၄၅.၅၁) သန်း၊ **ဓာတ်မြေဩဇာ** တန်ချိန် (၈၄၉,၆၇၀) ၊

တန်ဖိုး ဒေါ်လာ (၃၂၉.၃၉) သန်း၊ **ဂျုံစေ့** တန်ချိန် (၁၅၃,၁၃၉) ၊ တန်ဖိုး ဒေါ်လာ (၆၅.၂၂) သန်း နှင့် **ဂျုံမှုန့်** တန်ချိန် (၆၃၆) ၊ တန်ဖိုး ဒေါ်လာ (၀.၃၆) သန်း ပါရှိခဲ့ပါသည်။ (ဇယား -၁၆၊ ပုံ-၇၊ ၈)

၂၄။ အခြားတင်သွင်းကုန်များဖြစ်သည့် **နို့ဆီ**မှာ တန်ချိန် (၈,၁၄၁) ၊ တန်ဖိုးဒေါ်လာ (၁၁.၃၂) သန်း၊ **နို့စိမ်း**မှာ တန်ချိန် (၈,၆၃၂)၊ တန်ဖိုးဒေါ်လာ (၁၂.၈၃) သန်းနှင့် **နို့မှုန့်**မှာ တန်ချိန် (၄,၁၄၂)၊ တန်ဖိုးဒေါ်လာ (၁၂.၁၉)သန်းစီ ပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၁၆)

၂၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကိန်းဂဏန်းအချက်အလက်များ အရ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဩဂုတ်လ (၃၁) ရက်ထိ **မြေဩဇာတင်သွင်းမှု**တွင် စုစုပေါင်း တန်ချိန် (၈၁၉,၈၁၀) တင်သွင်းခဲ့ပါသည်။ အဆိုပါ တင်သွင်းမှုတွင် နိုင်ထရိုဂျင် (၄၉၅,၃၇၆) တန်၊ ဖော့စဖိတ် (၂၉,၅၃၆) တန်၊ ပိုတက်စီယမ် (၂၇,၂၃၀) တန်၊ ကွန်ပေါင်း (၂၅၇,၁၇၃)တန်၊ ဖော်လာ (၄၄၆) တန်၊ အော်ဂဲနစ်(၁,၅၆၇) တန်၊ ဂျစ်ပဆန်(၉၆၄) တန်နှင့် အခြားမြေဩဇာ စုစုပေါင်း (၇,၅၁၈) တန် အသီးသီးပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲ ဇယား-ဃ)


ဇယား (၁၆) အဓိကကုန်ပစ္စည်း (၁၁) မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက်မှ စက်တင်ဘာလ (၁) ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ၂၀၂၃-၂၀၂၄ ယခုနှစ် | ၂၀၂၂-၂၀၂၃ ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | US$ | ၂,၈၄၈.၇၀ | ၂,၅၃၀.၂၄ | ၃၁၈.၄၅ | ၁၃% |
| ၁ | ဒီဇယ် | US$ | ၁,၂၆၃.၆၁ | ၁,၀၃၉.၉၁ | ၂၂၃.၇၀ | ၂၂% |
| | | တန် | ၁,၅၀၉,၅၁၃ | ၈၈၇,၄၄၃ | ၆၂၂,၀၇၀ | ၇၀% |
| ၂ | ဓါတ်ဆီ | US$ | ၇၄၅.၃၆ | ၇၇၄.၂၁ | - ၂၈.၈၅ | - ၄% |
| | | တန် | ၇၇၉,၄၂၄ | ၆၂၃,၆၉၇ | ၁၅၅,၇၂၇ | ၂၅% |
| ၃ | စားအုန်းဆီ | US$ | ၂၄၅.၅၁ | ၃၀၀.၁၄ | - ၅၄.၆၃ | - ၁၈% |
| | | တန် | ၂၄၃,၈၇၄ | ၁၉၈,၁၃၀ | ၄၅,၇၄၄ | ၂၃% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၁၅၂.၅၄ | ၉၀.၅၉ | ၆၁.၉၅ | ၆၈% |
| | | စီး | ၄,၄၉၃ | ၁,၆၁၆ | ၂,၈၇၇ | ၁၇၈% |
| | လူစီးယာဉ် | US$ | ၂၂.၇၁ | ၂.၉၂ | ၁၉.၇၉ | ၆၇၈% |
| | | စီး | ၉၅၆ | ၁၁၈ | ၈၃၈ | ၇၁၀% |
| | ဘတ်စ် | US$ | ၀.၆၉ | ၁.၈၄ | - ၁.၁၅ | - ၆၃% |
| | | စီး | ၃၈ | ၁၁၃ | - ၇၅ | - ၆၆% |
| | ထရပ် | US$ | ၁၀.၄၂ | ၆.၁၄ | ၄.၂၈ | ၇၀% |
| | | စီး | ၆၄၉ | ၄၉၂ | ၁၅၇ | ၃၂% |
| | ယန္တယား | US$ | ၈၈.၀၄ | ၅၁.၈၅ | ၃၆.၁၉ | ၇၀% |
| | | စီး | ၂၈၅၀ | ၈၉၃ | ၁၉၅၇ | ၂၁၉% |
| | ယာဉ်အပိုပစ္စည်း | US$ | ၃၀.၆၇ | ၂၇.၈၄ | ၂.၈၃ | ၁၀% |

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက်မှ စက်တင်ဘာလ (၁) ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ၂၀၂၃-၂၀၂၄ ယခုနှစ် | ၂၀၂၂-၂၀၂၃ ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၅ | ဘိလပ်မြေ | US$ | ၁၀.၃၆ | ၁၅.၈ | - ၅.၄၄ | - ၃၄% |
| | | တန် | ၁၂၁၆၀၇ | ၁၈၈၁၃၈ | - ၆၆၅၃၁ | - ၃၅% |
| ၆ | ဓာတ်မြေဩဇာ | US$ | ၃၂၉.၃၉ | ၂၅၃.၆၃ | ၇၅.၇၆ | ၃၀% |
| | | တန် | ၈၄၉,၆၇၀ | ၄၄၆,၄၆၃ | ၄၀၃,၂၀၇ | ၉၀% |
| ၇ | ဂျုံစေ့ | US$ | ၆၅.၂၂ | ၂၀.၂၅ | ၄၄.၉၇ | ၂၂၂% |
| | | တန် | ၁၅၃,၁၃၉ | ၄၇,၅၃၉ | ၁၀၅,၆၀၀ | ၂၂၂% |
| ၈ | ဂျုံမှုန့် | US$ | ၀.၃၆ | ၂.၃၆ | - ၂.၀၀ | - ၈၅% |
| | | တန် | ၆၃၆ | ၆,၈၅၄ | - ၆,၂၁၈ | - ၉၁% |
| ၉ | နို့ဆီ | US$ | ၁၁.၃၂ | ၁၀.၂၁ | ၁.၁၁ | ၁၁% |
| | | တန် | ၈,၁၄၁ | ၇,၄၇၉ | ၆၆၂ | ၉% |
| ၁၀ | နို့စိမ်း | US$ | ၁၂.၈၃ | ၁၃.၁၉ | - ၀.၃၆ | - ၃% |
| | | တန် | ၈,၆၃၂ | ၉,၂၅၄ | - ၆၂၂ | - ၇% |
| ၁၁ | နို့မှုန့် | US$ | ၁၂.၁၉ | ၉.၉၅ | ၂.၂၄ | ၂၃% |
| | | တန် | ၄,၁၄၂ | ၃,၂၇၀ | ၈၇၂ | ၂၇% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ(၇)။ လယ်ယာကဏ္ဍဆိုင်ရာ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ(၈)။ လယ်ယာကဏ္ဍဆိုင်ရာ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်-တန်ချိန်

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၂၆။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက (၁-၄-၂၀၂၃) မှ (၁-၉-၂၀၂၃)ထိ စုစုပေါင်းတင်သွင်းမှု ဒေါ်လာ (၇,၂၁၃.၂၅) သန်း ရှိခဲ့ပြီး ယခင်နှစ်အလားတူ

ကာလတွင် ဒေါ်လာ (၇,၁၀၇.၈၀)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၁၀၅.၄၅) (၁%) တိုးမြင့် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၇)

၂၇။ ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၃,၄၈၄.၂၃) သန်းဖြင့် အများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၁,၅၃၆.၀၄) သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ်အလားတူကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၃,၂၉၇.၅၁) ဖြင့် အများဆုံး၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၁,၃၁၀.၉၀)သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၇)

ဇယား (၁၇)- ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃)ထိ | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၁-၉-၂၀၂၂)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၂၉၈.၆၃ | ၁,၂၃၇.၄၂ | ၁,၅၃၆.၀၄ | ၁၉၄.၆၇ | ၁,၁၀၂.၉၀ | ၁,၂၉၇.၅၈ | ၁၀၃.၉၆ | ၁၃၄.၅၂ | ၂၃၈.၄၆ | ၁၈% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၅၇.၂၄ | ၃,၄၂၆.၉၉ | ၃,၄၈၄.၂၃ | ၅၇.၉၁ | ၃,၂၃၉.၆၁ | ၃,၂၉၇.၅၁ | - ၀.၆၇ | ၁၈၇.၃၈ | ၁၈၆.၇၂ | ၆% |
| ၃ | လူသုံးကုန်ပစ္စည်း | ၁၇.၅၆ | ၁,၃၃၄.၅၀ | ၁,၁၅၂.၀၆ | ၉၇.၈၃ | ၁,၂၁၃.၀၇ | ၁,၃၁၀.၉၀ | - ၈၀.၂၇ | - ၇၈.၅၇ | - ၁၅၈.၈၄ | - ၁၂% |
| ၄ | CMP | | ၁,၀၄၀.၉၁ | ၁,၀၄၀.၉၁ | | ၁,၂၀၁.၈၁ | ၁,၂၀၁.၈၁ | ၀ | - ၁၆၀.၉ | - ၁၆၀.၉ | - ၁၃% |
| | **စုစုပေါင်း** | ၃၇၃.၄၂ | ၆,၈၃၉.၈၂ | ၇,၂၁၃.၂၅ | ၃၅၀.၄၁ | ၆,၇၅၇.၃၉ | ၇,၁၀၇.၈၀ | ၂၃.၀၁ | ၈၂.၄၃ | ၁၀၅.၄၅ | ၁% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၈။ လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန် (၄၅,၇၄၄) ပိုမိုတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၅၄.၆၃)သန်း လျော့နည်းခဲ့သည်။ **ဓာတ်မြေသြဇာ**မှာ တန်ချိန်အားဖြင့် (၄၀၃,၂၀၇)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၇၅.၇၆) သန်းနှင့် **ဂျုံစေ့**မှာ တန်ချိန် (၁၀၅,၆၀၀)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၄၄.၉၇) သန်းစီ ပိုမိုတင်သွင်းခဲ့သည်ကို တွေ့ရပြီး၊ အခြားကုန်စည်ဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၆၂၁၈) တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၂.၀၀) သန်း လျော့နည်းတင်သွင်းခဲ့သည်။ (ဇယား -၁၆)

## သုံးသပ်ချက်

၂၉။ (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃) ထိ ပို့ကုန်တင်ပို့မှု စုစုပေါင်း ဒေါ်လာ (၆,၄၈၄.၇၁) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၁,၃၄၉.၆၃) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၃.၅၆) သန်း၊ ရေထွက် ဒေါ်လာ(၂၄၄.၄၉) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၁၃၃.၉၆)သန်း၊ သစ်တော ထွက် ဒေါ်လာ(၂၉.၉၀)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၄,၀၈၈.၇၁) သန်းနှင့် အခြားပို့ကုန် ဒေါ်လာ (၆၃၄.၄၆) သန်းပါဝင်ခဲ့သည်ကိုတွေ့ရှိရသည်။ ယခင်နှစ်အလားတူကာလထက် အခြားပို့ကုန် ပစ္စည်းမှအပ ကျန်ပို့ကုန်များတင်ပို့မှုလျော့ကျခဲ့သည်ကိုတွေ့ရပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၁၅၃.၂၀) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၁၂.၉၁) သန်း၊ ရေထွက် ဒေါ်လာ (၂၈.၇၃) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၂၆.၃၇) သန်း၊ သစ်တောထွက် ဒေါ်လာ(၃၅.၈၂) သန်း နှင့် စက်မှု ကုန်ချော ဒေါ်လာ(၉၆၂.၂၂) သန်း အသီးသီးလျော့နည်းတင်ပို့ခဲ့ပြီး၊ အခြားပို့ကုန် တင်ပို့မှုတွင် ဒေါ်လာ (၄၂၃.၆၃) သန်း ပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ (နောက်ဆက်တွဲဇယား-က)

၃၀။ (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃) ထိ ပို့ကုန်တင်ပို့စုစုပေါင်းတွင် လယ်ယာထွက်ပစ္စည်း တင်ပို့မှု မှာ ဒေါ်လာ (၁,၃၄၉.၆၃) သန်း ပါဝင်ခဲ့ပြီး-

(က) **ဆန်နှင့် ဆန်ကွဲ**တင်ပို့မှု တန်ချိန်(၃၈၉,၀၉၅.၂၉) ၊ တန်ဖိုး ဒေါ်လာ(၁၇၀.၄၆) သန်း တွင် ဆန်တန်ချိန် (၁၇၄,၀၆၁.၈၄)နှင့် ဆန်ကွဲတန်ချိန် (၂၁၅,၀၃၃.၄၅) တင်ပို့ခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် **ဆန်** တန်ချိန် (၃၀၇,၃၄၈.၈၆) **နှင့် ဆန်ကွဲ** တန်ချိန် (၁၂၆,၁၂၇.၀၅) စီ လျော့နည်းတင်ပို့ခဲ့ပါသည်။ စုစုပေါင်းအနေဖြင့် ယခင်နှစ် အလားတူကာလထက် ဆန်နှင့် ဆန်ကွဲ တန်ချိန် (၄၃၃,၄၇၅.၉၁) လျော့နည်းတင်ပို့ ခဲ့ကြောင်း၊

(ခ) **ပဲအမျိုးမျိုး**တွင် တန်ချိန် (၇၂၀,၉၁၉.၀၅) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလ ထက် တန်ချိန် (၂၈,၆၃၁.၄၇) ပိုမိုတင်ပို့ခဲ့ကြောင်း၊

(ဂ) **ပြောင်း**တွင် တန်ချိန် (၈၁၈,၈၆၅.၂၉) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၁၁၈,၄၁၈.၀၇) ပိုမိုတင်ပို့ခဲ့ကြောင်း၊

(ဃ) **နှမ်း**တွင် တန်ချိန် (၁၉,၆၀၃.၉၂) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၁၇,၀၇၆.၁၄) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(င) **ရော်ဘာစိမ်း**တွင် တန်ချိန်(၇၆,၅၉၄.၈၆) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၁၇,၄၉၈.၃၂) လျော့နည်းတင်ပို့ခဲ့ကြောင်းသိရှိရပါသည်။(ဇယား- ၂)

၃၁။ **သွင်းကုန်တင်သွင်းမှု**အနေဖြင့် ၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃ ထိ စုစုပေါင်းဒေါ်လာ (၇,၂၁၃.၂၅) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၁၀၅.၄၅) သန်း တိုးမြင့်တင်သွင်းခဲ့သည် ကိုတွေ့ရသည်။ ကုန်ပစ္စည်းအလိုက် တင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ယခင်နှစ်ကာလတူထက်

တန်ချိန် (၄၅,၇၄၄) ပိုမိုခဲ့ပြီး၊ တန်ဖိုးအားဖြင့် ဒေါ်လာ(၅၄.၆၃)သန်း လျော့နည်းတင်သွင်းခဲ့ကြောင်းနှင့် **ဓာတ်မြေသြဇာ**မှာ တန်ချိန် (၄၀၃,၂၀၇)၊ တန်ဖိုး ဒေါ်လာအားဖြင့် (၇၅.၇၆) သန်း တိုးမြင့်တင်သွင်းခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ဇယား(၁၇)၊ နောက်ဆက်တွဲဇယား(ဃ)

၃၂။ **ရေထွက်ပစ္စည်းတင်ပို့မှု**တွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွင်း ငါး၊ ပုဇွန်နှင့် အခြားရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၄၂,၉၆၇.၂၆)၊ တန်ဖိုး ဒေါ်လာ (၆၃.၉၃) သန်းနှင့် ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၂၃,၈၈၈.၉၉) ၊ တန်ဖိုး ဒေါ်လာ(၃၅.၄၇) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန် (၁၉,၀၇၈.၂၆)နှင့် တန်ဖိုးအားဖြင့်(၂၈.၄၆) သန်း ပိုမိုတင်ပို့ခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၅)

## နိဂုံး

၃၃။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေ၊ တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေနှင့် ရေထွက်ပစ္စည်းတင်ပို့မှုများအား သိရှိနိုင်ပါရန် သုံးသပ်ချက်နှင့်တကွ ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား

## ၂၀၁၈ -၂၀၁၉ မှ ၂၀၂၃-၂၄ (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃ ထိ)

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (ပြေီမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြေီမှ မတ်) | ၂၀၂၀-၂၀၂၁ (ဧပြီ မှ မတ်) | ၂၀၂၁-၂၂ (ဧပြီ မှ မတ်) | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃) မှ (၁-၉-၂၀၂၃)ထိ |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂,၉၈၆.၉၈ | ၃,၆၄၆.၈၀ | ၄,၅၆၀.၄၁ | ၄,၁၀၂.၆၉ | ၃,၉၉၉.၀၂ | ၁,၃၄၉.၆၃ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၄၅၃.၇၁ | ၄၂၀.၈၁ | ၆၉.၄၂ | ၈.၀၄ | ၂၀.၅၀ | ၃.၅၆ |
| ၃ | ရေထွက်ပစ္စည်း | ၇၃၀.၉၈ | ၁၂၂၈.၈၅ | ၈၀၄.၄၃ | ၈၂၄.၃၀ | ၇၆၅.၉၅ | ၂၄၄.၄၉ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁,၅၉၇.၆၀ | ၂,၅၈၈.၅၉ | ၁,၂၈၀.၈၂ | ၆၄၆.၅၆ | ၃၃၇.၀၆ | ၁၃၃.၉၆ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၈၅.၉၆ | ၂၆၅.၄၄ | ၁၂၈.၆၀ | ၁၄၆.၉၉ | ၁၃၉.၃၆ | ၂၉.၉ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၉,၃၉၈.၂၄ | ၁၅,၄၉၀.၂၃ | ၈,၇၇၆.၆၆ | ၈,၅၆၀.၂၂ | ၁၀,၉၄၀.၄၉ | ၄,၀၈၈.၇၁ |
| ၇ | အခြားပစ္စည်း | ၁,၈၀၀.၉၃ | ၉၈၉.၅၃ | ၉၆၃.၃၁ | ၇၃၇.၁၀ | ၄၁၇.၈၁ | ၆၃၄.၄၆ |
| | **စုစုပေါင်း** | **၁၇,၁၅၄.၄၀** | **၂၄,၆၃၀.၂၄** | **၁၆,၅၈၃.၆၆** | **၁၅,၀၂၅.၉၀** | **၁၆,၆၂၀.၁၈** | **၆,၄၈၄.၇၁** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ခ

## လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တန်ဖိုးအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန် အမျိုးအမည် | တန်ချိန်/ တန်ဘိုး | ၂၀၁၈-၂၀၁၉ (ဧပြီမှ မတ်) | ၂၀၁၉-၂၀၂၀ (ဧပြီမှ မတ်) | ၂၀၂၀-၂၀၂၁ (ဧပြီ မှ မတ်) | ၂၀၂၁-၂၂ (ဧပြီ မှ မတ်) | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃) မှ (၁-၉-၂၀၂၃) ထိ |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ ဆန်ကွဲ | US$ | ၇၇၈.၉၉၉ | ၈၀၃.၂၇ | ၇၄၁.၁၆ | ၇၁၅.၉၈ | ၈၂၁.၃၁ | **၁၇၀.၄၆** |
| | | မတန် | ၂,၃၈၁,၇၅၅.၉၈ | ၂,၇၆၄,၇၄၄.၅၄ | ၂,၀၄၉,၀၃၇.၉၆ | ၂,၁၃၂,၂၃၂.၈၅ | ၂,၁၉၇,၅၁၀.၇၉ | **၃၈၉,၀၉၅.၂၉** |
| | ဆန် | US$ | ၆၄၈.၇၂ | ၅၈၁.၄၀ | ၄၅၆.၈ | ၄၅၉.၈၈ | ၅၁၈.၀၅ | ၈၄.၆၉ |
| | | မတန် | ၁,၉၂၉,၈၄၂.၂၆ | ၁,၉၀၈,၁၆၃.၇၂ | ၁,၁၆၁,၅၂၉.၃၅ | ၁,၃၀၄,၅၀၆.၉၀ | ၁,၃၂၇,၉၇၅.၈၃ | ၁၇၄,၀၆၁.၈၄ |
| | ဆန်ကွဲ | US$ | ၁၃၀.၂၇၆ | ၂၂၁.၈၆ | ၂၈၄.၃၇ | ၂၅၆.၀၈ | ၃၀၃.၂၅၃ | ၈၅.၇၇ |
| | | မတန် | ၄၅၁,၉၁၃.၇၂ | ၈၅၆,၅၈၀.၈၂ | ၈၈၇,၅၀၈.၆၁ | ၈၂၇,၇၂၅.၉၅ | ၈၆၉,၅၃၄.၉၆ | ၂၁၅,၀၃၃.၄၅ |
| ၂ | ပဲအမျိုးမျိုး | US$ | ၉၀၅.၁၅ | ၁၁၃၂.၀၅ | ၁၃၈၈.၅၅ | ၁၅၉၅.၃၁ | ၁၄၇၀.၆၆ | **၅၈၆.၃၈** |
| | | မတန် | ၁,၆၄၇,၆၇၈.၃၄ | ၁,၆၀၈,၆၃၃.၈၅ | ၁,၇၅၇,၀၂၅.၁၄ | ၂,၁၄၆,၅၆၇.၂၈ | ၁,၉၁၉,၁၅၆.၁၀ | **၇၂၀,၉၁၉.၀၅** |
| | မတ်ပဲ | US$ | ၃၀၂.၉၁ | ၄၁၀.၆၆ | ၃၈၆.၅၉ | ၆၀၆.၉၉ | ၅၃၁.၈ | ၂၄၁.၄၆ |
| | | မတန် | ၆၈၈,၂၅၀.၃၀ | ၆၁၃,၈၉၇.၃၂ | ၄၈၇,၉၂၆.၁၁ | ၈၀၁,၆၃၃.၂၃ | ၆၄၉,၉၄၀.၂၃ | ၂၇၉,၃၅၉.၄၆ |
| | ပဲတီစိမ်း | US$ | ၃၀၀.၉၈ | ၃၆၀.၇၉ | ၄၈၆.၀၂ | ၅၅၅.၁၃ | ၄၈၉.၀၉ | ၁၄၉.၈၆ |
| | | မတန် | ၄၁၄,၀၁၂.၀၈ | ၄၈၀,၇၂၆.၈၅ | ၆၁၁,၁၂၄.၆၀ | ၇၃၄,၁၃၇.၀၆ | ၆၉၁,၃၉၉.၂၉ | ၂၂၂,၆၄၆.၂၀ |
| | ပဲစဉ်းငုံ | US$ | ၇၈.၀၅ | ၉၃.၂၈ | ၇၆.၃၆ | ၁၆၃.၆၉ | ၁၈၇.၃၉ | ၈၇.၆၃ |
| | | မတန် | ၂၁၀,၃၃၈.၁၀ | ၁၅၈,၂၇၁.၂၇ | ၁၁၄,၅၈၁.၃၇ | ၂၄၄,၉၀၇.၄၈ | ၂၃၉,၅၃၇.၇၃ | ၁၀၀,၇၃၈.၉၄ |
| | မြေပဲဆံ | US$ | ၇၁.၂၉ | ၁၀၉.၇၄ | ၂၁၄.၇၁ | ၇၆.၅၄ | ၄၀.၁၆ | ၁၄.၁၅ |
| | | မတန် | ၆၁,၈၉၁.၅၉ | ၈၂,၇၄၀.၃၆ | ၁၇၀,၃၇၉.၅၁ | ၇၈,၃၄၇.၄၅ | ၃၂,၀၄၆.၁၇ | ၉,၁၅၃.၈၃ |
| ၃ | နှမ်း | US$ | ၁၅၀.၇ | ၂၂၈.၂၄ | ၄၁၄.၉၉ | ၂၄၈.၇ | ၁၃၂.၅၇ | **၃၀.၆၃** |
| | | မတန် | ၁၀၀,၇၀၄.၃၅ | ၁၃၂,၇၈၄.၇၀ | ၂၉၇,၇၉၅.၄၂ | ၁၉၇,၁၁၇.၁၄ | ၁၀၀,၀၆၅.၀၉ | **၁၉,၆၀၃.၉၂** |
| ၄ | ပြောင်း | US$ | ၂၁၉.၈၉ | ၃၆၈.၅၅ | ၄၇၂.၈၈ | ၅၇၃.၀၈ | ၅၉၃.၀၄ | **၂၄၉.၃၉** |
| | | မတန် | ၁,၀၆၀,၂၁၈.၆၂ | ၂,၁၉၁,၃၂၅.၂၄ | ၂,၆၀၇,၄၇၆.၁၇ | ၂,၄၁၄,၆၆၅.၀၅ | ၁,၉၂၁,၇၁၅.၁၈ | **၈၁၈,၈၆၅.၂၉** |
| ၅ | ရာဘာ | US$ | ၂၃၉.၈၂ | ၂၃၈.၄၉ | ၄၁၀.၂၆ | ၄၅၈.၅ | ၃၂၂.၁၉ | **၉၄.၄၈** |
| | | မတန် | ၁၉၁,၆၅၀.၀၄ | ၁၈၄,၈၄၀.၄၅ | ၂၈၈,၂၇၅.၅၅ | ၃၁၅,၀၂၀.၈၁ | ၂၃၉,၃၈၄.၆၅ | **၇၆,၅၉၄.၈၆** |
| ၆ | အခြား | US$ | ၆၉၂.၄၂ | ၈၇၆.၂၀ | ၁,၁၃၂.၅၈ | ၅၁၂.၄ | ၆၅၉.၂၅ | **၂၁၈.၂၉၀** |
| စုစုပေါင်း | | US$ | ၂,၉၈၆.၉၈ | ၃,၆၄၆.၇၉ | ၄,၅၆၀.၄၁ | ၄,၁၀၃.၉၂ | ၃,၉၉၉.၀၂ | ၁,၃၄၉.၆၃ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဂ

## ဘဏ္ဍာနှစ်အလိုက် သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၈-၁၉ (ပြီးမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြီးမှ မတ်) | ၂၀၂၀-၂၁ (ပြီးမှ မတ်) | ၂၀၂၁-၂၀၂၂ (ပြီးမှ မတ်) | ၂၀၂၂-၂၀၂၃ (ပြီးမှ မတ်) | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၁-၉-၂၀၂၃)ထိ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း |
| (က) | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ | ၆,၂၄၉.၄၁ | ၇,၂၆၁.၇၈ | ၅,၉၀၀.၄၀ | ၃,၃၃၄.၅၇ | ၃,၇၃၂.၄၇ | ၂၉၈.၆ | ၁,၂၃၇.၄၂ | ၁,၅၃၆.၀၄ |
| (ခ) | လုပ်ငန်းသုံး ကုန်ကြမ်း ပစ္စည်းများ | ၇,၄၆၄.၈၅ | ၇,၆၁၇.၆၂ | ၅,၅၁၁.၁၇ | ၆,၀၇၅.၂၀ | ၈,၉၅၃.၁၁ | ၅၇.၂၄ | ၃,၄၂၆.၉၉ | ၃,၄၈၄.၂၃ |
| (ဂ) | လူသုံးကုန် ပစ္စည်းများ | ၄,၉၆၇.၅၇ | ၅,၀၈၀.၅၄ | ၃,၉၂၅.၉၂ | ၃,၅၁၇.၇၈ | ၄,၆၆၇.၁၃ | ၁၇.၅၆ | ၁,၁၃၄.၅၀ | ၁,၁၅၂.၀၆ |
| (ဃ) | CMP | - | - | ၈၁၅.၂၆ | ၁,၈၉၅.၂၄ | - | - | ၁,၀၄၀.၉၁ | ၁,၀၄၀.၉၁ |
| **စုစုပေါင်း** | | **၁၈,၆၈၁.၈၄** | **၁၉,၉၅၉.၉၃** | **၁၆,၁၅၂.၇၄** | **၁၄,၈၂၂.၇၉** | **၁၇,၃၅၂.၇၂** | **၃၇၃.၄၂** | **၆,၈၃၉.၈၂** | **၇,၂၁၃.၂၅** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဃ

# ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း မြေသြဇာတင်သွင်းမှုအခြေအနေ

မက်ထရစ်တန်

| စဉ် | မြေသြဇာအမျိုးအစား | ၂၀၂၃ ခုနှစ် | | | | | | | | | ၂၀၂၄ ခုနှစ် | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | ဖေဖော်ဝါရီ | မတ်လ | |
| ၁ | Nitrogen | ၄၃,၈၇၉ | ၈၂,၁၆၂ | ၇၃,၀၆၄ | ၁၇၁,၇၉၈ | ၁၂၄,၄၇၃ | | | | | | | | ၄၉၅,၃၇၆ |
| ၂ | Phosphate | ၁,၉၀၁ | ၁၅,၇၁၇ | ၀ | ၄,၄၉၇ | ၇,၄၂၁ | | | | | | | | ၂၉,၅၃၆ |
| ၃ | Potassium | ၄,၅၁၃ | ၃,၀၁၂ | ၃,၅၈၃ | ၈,၈၁၈ | ၇,၃၀၄ | | | | | | | | ၂၇,၂၃၀ |
| ၄ | Compound | ၁၄,၃၅၅ | ၄၃,၄၃၆ | ၇၆,၂၄၃ | ၆၆,၄၉၉ | ၅၆,၆၄၀ | | | | | | | | ၂၅၇,၁၇၃ |
| ၅ | Follar | ၁၅ | ၂ | ၁၆၀ | ၁၇၁ | ၉၈ | | | | | | | | ၄၄၆ |
| ၆ | Organic | ၁၂၅ | ၆၅၂ | ၂၀၅ | ၅၂၁ | ၆၄ | | | | | | | | ၁,၅၆၇ |
| ၇ | Gypsum | ၄၅၀ | ၀ | ၁၃၀ | ၃၈၄ | ၀ | | | | | | | | ၉၆၄ |
| ၈ | Other | ၁၆၃ | ၁,၁၇၉ | ၃,၁၆၇ | ၁,၃၈၃ | ၁,၆၂၆ | | | | | | | | ၇,၅၁၈ |
| **စုစုပေါင်း** | | **၆၅,၄၀၁** | **၁၄၆,၁၆၀** | **၁၅၆,၅၅၂** | **၂၅၄,၀၇၁** | **၁၉၇,၆၂၆** | | | | | | | | **၈၁၉,၈၁၀** |

Source: Customs Department